**<u>သတင်းထုတ်ပြန်ချက်</u>**

# အလုပ်သမားဈေးကွက်ပူးပေါင်းဆောင်ရွက်ရေး နှင့် စပ်လျဉ်းသည့် အမေရိကန်ပြည်ထောင်စု နှင့် မြန်မာနိုင်ငံတို့၏ကြေညာချက်အပေါ် အိုင်အယ်(လ်)အိုက လှိုက်လှဲစွာကြိုဆိုခြင်း

မြန်မာနိုင်ငံတွင် အလုပ်သမားများ၏အခြေခံအခွင့်အရေးများနှင့် အလေ့အကျင့်များကို မြှင့်တင်ခြင်းကို အတူတကွ လက်တွဲဆောင်ရွက်ရန် အမေရိကန်အစိုးရ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့အကြား ကတိကဝတ်ပြုမှု အပေါ် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (အိုင်အယ်(လ်)အို) အနေဖြင့်လှိုက်လှဲစွာကြိုဆိုပါသည်။

နိုင်ငံတကာကအသိအမှတ်ပြုထားသည့် အလုပ်သမားရေးရာစံချိန်စံညွှန်းများနှင့် တာဝန်သိသောစီးပွားရေးဆိုင်ရာ အလေ့အကျင့်များသည် မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ်၏ ရှေ့တန်းတွင်ရှိနေသည် ဖြစ်ကြောင်းကို အရေးပါသည့် ဤမဏ္ဍာမခြေလှမ်းက သတင်းစကားပါးနေခြင်းပင်ဖြစ်သည်။

အိုင်အယ်(လ်)အိုနှင့် အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနတို့သည် အလုပ်သမားဈေးကွက်ပြုပြင် ပြောင်းလဲမှုများကို အတူတကွဆောင်ရွက်နေကြပြီးဖြစ်ပါသည်။ ယင်းသို့လုပ်ဆောင်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုက ရေစီစနစ်၊ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာ ပြောင်းလဲခြင်းအတွက် အောင်မြင်မှုနှင့် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ မျှတပြီး၊ တည်ငြိမ်အေးချမ်းကာ ကြွယ်ဝပြည့်စုံသောအနာဂတ်ကို ဖန်တီးမှုတို့အတွက် လွန်စွာအရေးပါမည်ဖြစ်ပါ သည်။

ယနေ့ (ဩဂုတ်လ ၂၈ ရက်၊ ကြာသပတေးနေ့) ကြေညာခဲ့သည့် တိုင်ပင်ဆွေးနွေးအကြံပြုခြင်းလုပ်ငန်းစဉ်သည် နိုင်ငံအဆင့်နှင့်နိုင်ငံတကာအဆင့်ရှိ အဓိကပါဝင်ဆောင်ရွက်သူများ၏အကူအညီနှင့်အတူ အိုင်အယ်(လ်)အို နှင့် ဝန်ကြီးဌာနတို့၏ လုပ်ငန်းဆောင်ရွက်မှုအပေါ်အထောက်အကူပေးလျက် တည်ဆောက်မှုကို ဆောင်ကြဉ်းပေးသွား မည်ဖြစ်ပါသည်။

နိုင်ငံ၏လိုအပ်နေမှုများ၊ ဖြစ်ပေါ်နေသည့်အခြေအနေများနှင့် လျော်ကန်သင့်မြတ်ပြီး၊ နိုင်ငံတကာကအသိအမှတ် ပြုထားသည့် စံချိန်စံညွှန်းများကိုလေးစားလိုက်နာသည့် အလုပ်သမားဥပဒေများနှင့်စပ်လျဉ်းသည့် မူဘောင်တစ် ရပ်ကို ဖန်တီးခြင်းသည် အကျိုးစီးပွားဖြစ်ထွန်းသည့် အလုပ်အကိုင်ခန့်အပ်မှုနှင့် သင့်လျော်ကောင်းမွန်သော အလုပ် အကိုင် အစီအစဉ်မြှင့်တင်ခြင်းနှင့်စပ်လျဉ်းသည့် အစိုးရ၏ရည်မှန်းချက်ပန်းတိုင်၏ အဓိကမဏ္ဍိုင်ပင်ဖြစ်ပါသည်။

ဤပဏာမခြေလှမ်းတစ်ရပ်က အသိအမှတ်ပြုထားသည့်အတိုင်းပင် ဤဥပဒေမူဘောင်အသစ်ကို ကျင့်သုံးသည့် အသင်းအဖွဲ့များ၏ စွမ်းဆောင်ရည်အားကောင်းစေရေးသည်လည်း လွန်စွာပင်အရေးကြီးပါသည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် စီးပွားရေးလုပ်ငန်းများနှင့်အလုပ်သမားများတို့အတွက် မျှတပြီး၊ ရေရှည်တည် တံ့သောအကျိုးခံစားခွင့်များ အမှန်တကယ်ရရှိစေရန်ဆောင်ရွက်ရာတွင် ဤအသင်းအဖွဲ့များသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေသူများပင်ဖြစ်ပါသည်။

အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ယင်းတို့၏ကိုယ်စားပြုအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးအကြံပြု ရာတွင် အစိုးရနှင့်လွှတ်တော်တို့သည် လျော်ကန်သင့်မြတ်ပြီးအာဏာသက်ရောက်မှုရှိသော အလုပ်သမားရေးရာဥပဒေများ တိုးတက်ကောင်းမွန်စေရေးနှင့် ယင်းဥပဒေများကိုကျင့်သုံးရေးအတွက် တာဝန်ရှိပါသည်။

မြန်မာနိုင်ငံတွင် အခြေခံအခွင့်အရေးများနှင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အစီအစဉ်မြှင့်တင်ရေးကို နှစ်ပေါင်းများစွာ အလေးထားအာရုံစိုက်ပြီးဆောင်ရွက်လျက်ရှိသော အိုင်အယ်(လ်)အိုအနေဖြင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုဘဝတိုးတက်မြင့်မားစေရေးအတွက် နိုင်ငံအဆင့်ဆောင်ရွက်နေသူများအား နည်းပညာဆိုင် ရာအကူအညီအထောက်အပံ့များ ဖြည့်ဆည်းဆောင်ကြဉ်းပေးရာတွင် အမေရိကန်အစိုးရနှင့် နိုင်ငံတကာမှပါဝင် ဆောင်ရွက်သူများနှင့်အတူ ဦးဆောင်သည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် မျှော်လင့်ပါသည်။

ပိုမိုသိရှိလိုပါက -

စတိ(ဗ်)မာရှယ်၊ အိုင်အယ်(လ်)အိုဆက်သွယ်ရေးအရာရှိ၊ မြန်မာ၊ အီးမေး(လ်) - marshall@ilo.org

မစ္စဆိုဖီ၊ ဒေသဆိုင်ရာပြန်ကြားရေးအရာရှိ၊ အီးမေး(လ်) - fisher@ilo.org